# အလုပ်သမား အခွင့်အရေးများ

## နိုင်ငံတော် အလုပ်သမားရေးရာ အက်ဥပဒေ လက်အောက်ရှိ

အလုပ်သမားများအနေနှင့် စုပေါင်းလျက် စီမံပြီး ၎င်းတို့၏ အလုပ်ရှင်များနှင့် ညှိရန်နှင့် အခြား ဥပဒေအရအကာအကွယ်ပေးထားသော ပူးပေါင်းဆောင်ရွက်သည့် လှုပ်ရှားမှုတွင် ပါဝင်နိုင်သည့် အခွင့်အရေးကို NLRA က အာမခံပေးသည်။ NLRA* နှင့် အကျုံးဝင်သည့် အလုပ်သမားများကို အလုပ်ရှင်နှင့် အလုပ်သမားသမဂ္ဂ၏ အချို့သော အလွဲပြုမှုချက် အမျိုးအစားများမှ အကာအကွယ်ပေးသည်။ ဤအကြောင်းကြားချက်တွင် သင်၏ အခွင့်ရေးများနှင့် NLRA အောက်တွင် အလုပ်ရှင်များနှင့် သမဂ္ဂများ၏ တာဝန်များအကြောင်း ယေဘုယျ အချက်အလက်ကို ဖော်ပြထားသည်။ သင့်အလုပ်ခွင်နှင့် သက်ဆိုင်နိုင်သည့် သီးခြားအခွင့်အရေးများအကြောင်း မေးမြန်းလိုပါက အောက်တွင် ဖော်ပြထားသော ဆက်သွယ်ရန်အချက်အလက်ကို အသုံးပြု၍ NLRA လက်အောက်တွင် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးပြီး ဖြေရှင်းသည့် ဖက်ဒရယ် အေဂျင်စီဖြစ်သော နိုင်ငံတော် လုပ်သားရေးရာ ဘုတ်အဖွဲ့ထံ ဆက်သွယ်ပါ။

### NLRA လက်အောက်တွင် အောက်ပါတို့ကို ပြုလုပ်ရန် သင့်တွင် အခွင့်အရေး ရှိသည်-

- **သင်၏ လုပ်အားခ၊** အလုပ်ချိန်နှင့် အခြား အလုပ်ခန့်ထားမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်ပြီး သင့်အလုပ်ရှင်နှင့် ဆွေးနွေးညှိနှိုင်းရန် သမဂ္ဂ ဖွဲ့စည်းခြင်း။
- **သမဂ္ဂ ဖွဲ့စည်းခြင်း၊ သမဂ္ဂတွင် ပါဝင်ခြင်း သို့မဟုတ် အကူအညီပေးခြင်း။**
- **သင့်လုပ်အားခများ၊** အကျိုးခံစားခွင့်များ၊ အလုပ်ချိန်နှင့် အခြားလုပ်ငန်းခွင်အခြေအနေများကို သတ်မှတ်သည့် စာချုပ်ချုပ်ဆိုနိုင်ရန် အလုပ်သမားများ ကိုယ်တိုင်ရွေးချယ်ထားသော ကိုယ်စားလှယ်များမှတစ်ဆင့် စုပေါင်းလျက် အလုပ်ရှင်နှင့် ညှိခြင်း။
- **အလုပ်ခန့်ထားမှုဆိုင်ရာ** စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် သမဂ္ဂ ဖွဲ့စည်းခြင်းကို သင့်လုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် သမဂ္ဂတစ်ခုနှင့် ဆွေးနွေးခြင်း။

### NLRA အောက်တွင် သမဂ္ဂအဖွဲ့နေနှင့် သို့မဟုတ် သင့်အလုပ်ရှင်နှင့် ညှိရာတွင် သင့်ကို ကိုယ်စားပြုသည့် သမဂ္ဂအနေနှင့် အောက်ပါတို့ကို ပြုလုပ်ရန် တရားမဝင်ပါ-

- **သမဂ္ဂကို မထောက်ခံလျှင်** သင်အလုပ်ပြုတ်မည်ဟု သင့်ကို ခြိမ်းခြောက်ခြင်း။
- **သင်သည် သမဂ္ဂ** အရာရှိများကို ဝေဖန်ဖူးသောကြောင့် သို့မဟုတ် သမဂ္ဂအဖွဲ့ဝင် မဟုတ်သောကြောင့် မကျေနပ်ချက်တစ်ခုကို ကိုင်တွယ်စီမံရန် ငြင်းဆိုခြင်း။
- **အလုပ်ခန့် အဖွဲ့အစည်းမှ** အလုပ်ထောက်ခံချက်များ ပြုလုပ်ရာတွင် ခွဲခြားဆက်ဆံသော စံနှုန်းများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်း သို့မဟုတ် ထားရှိခြင်း။
- **သင်၏ သမဂ္ဂနှင့်** ဆက်စပ်သော လှုပ်ရှားမှုကြောင့် အလုပ်ရှင်က သင့်ကို ခွဲခြားဆက်ဆံမှု ဖြစ်စေခြင်း သို့မဟုတ် ထိုသို့ ဖြစ်ပွားစေရန် ကြိုးပမ်းအားထုတ်ခြင်း။

### NLRA အောက်တွင် သင့်အလုပ်ရှင်သည် အောက်ပါတို့ကို ပြုလုပ်ရန် တရားမဝင်ပါ-

- **အလုပ်ချိန် မတိုင်မီ သို့မဟုတ်** အလုပ်ချိန်ပြီးနောက် သို့မဟုတ် အနားယူချိန်များအတွင်းကဲ့သို့ အလုပ်ချိန်ပြင်ပတွင် သမဂ္ဂအတွက် အကျိုးဆောင်ခြင်းမှ သို့မဟုတ် ကားရပ်နားရန်နေရာများ သို့မဟုတ် အနားယူခန်းများကဲ့သို့ လုပ်ငန်းခွင်ပြင်ပနေရာများတွင် သမဂ္ဂစာစဉ်များကို ဖြန့်ဝေခြင်းမှ သင့်ကို တားမြစ်ခြင်း။
- **သင်၏ သမဂ္ဂထောက်ခံမှု** သို့မဟုတ် လှုပ်ရှားမှုများအကြောင်း သင့်ကို မေးမြန်းရာတွင် သင့်အနေနှင့် ယင်းလှုပ်ရှားမှုများတွင် ပါဝင်လိုစိတ် လျော့ပါစေသည့် နည်းလမ်းဖြင့်မေးမြန်းခြင်း။
- **သင်သည် သမဂ္ဂတွင် ပါဝင်ခြင်း** သို့မဟုတ် သမဂ္ဂကို ထောက်ခံခြင်းကြောင့်ဖြစ်စေ၊ အပြန်အလှန် အကူအညီပေးခြင်းနှင့် ကာကွယ်မှုပေးခြင်းအတွက် ပူးပေါင်းသော လှုပ်ရှားမှုတွင် ပါဝင်သောကြောင့်ဖြစ်စေ သို့မဟုတ် အဆိုပါ

- **သင်၏ လုပ်ငန်းခွင်အခြေအနေများ** ပိုမိုကောင်းမွန်စေရန် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အခြားနည်းလမ်းများအပါအဝင် အလုပ်နှင့်သက်ဆိုင်သော တိုင်တန်းချက်များကို သင့်အလုပ်ရှင်ထံ တိုက်ရိုက်တင်ပြခြင်း သို့မဟုတ် အစိုးရအေဂျင်စီမှတစ်ဆင့် အသိပေးခြင်းနှင့် သမဂ္ဂထံမှ အကူအညီတောင်းခံခြင်းဖြင့် အရေးယူဆောင်ရွက်ခြင်း။
- **သပိတ်မှောက်ခြင်း** သို့မဟုတ် သပိတ်တားခြင်း၏ ရည်ရွယ်ချက် သို့မဟုတ် နည်းလမ်းပေါ်မူတည်၍ သပိတ်မှောက်ပြီး သပိတ်တားခြင်း။
- **သမဂ္ဂတွင် ပါဝင်ခြင်းနှင့်** အဖွဲ့ဝင်အဖြစ် ဆက်လက်ရှိနေခြင်း အပါအဝင် ဤလှုပ်ရှားမှုများအနက် မည်သည်ကိုမျှ မပြုလုပ်ရန် ရွေးချယ်ခြင်း။

စုံစမ်းမေးမြန်းမှုအကြောင်း  သင့်အလုပ်ရှင် သို့မဟုတ် အခြားမည်သူ့ကိုမဆို အသိမပေးဘဲ သင်သည် ဖြစ်နိုင်ခြေရှိသော ချိုးဖောက်မှုများအကြောင်း စုံစမ်းမေးမြန်းနိုင်သည်။ တရားစွဲဆိုမှုကို မည်သူမဆို ပြုလုပ်နိုင်ပြီး ချိုးဖောက်မှုကြောင့် တိုက်ရိုက်နစ်နာသော အလုပ်သမားကိုယ်တိုင် ပြုလုပ်ရန် မလိုအပ်ပါ။ NLRB သည် တရားဥပဒေချိုးဖောက်မှုတွင် အလုပ်ဖြုတ်ခံရသော အလုပ်သမားကို ပြန်လည်အလုပ်ခန့်အပ်ရန်နှင့် နစ်နာသည့် လုပ်အားခများနှင့် အကျိုးခံစားခွင့်များကို ပြန်လည်ပေးရန် အလုပ်ရှင်ကို အမိန့်ပေးနိုင်သည့်အပြင် ဥပဒေ ချိုးဖောက်ခြင်းကို ရပ်တန့်ရန် အလုပ်ရှင် သို့မဟုတ် သမဂ္ဂကို အမိန့်ပေးနိုင်သည်။ အလုပ်သမားများသည် အနီးဆုံး ဒေသတွင်း NLRB ရုံးမှ အကူအညီတောင်းခံသင့်ပြီး ၎င်းကို အေဂျင်စီ၏ ဝဘ်ဆိုဒ်တွင် တွေ့နိုင်သည်- www.nlrb.gov။

- **သင်၏ သမဂ္ဂတွင် ပါဝင်ခြင်း** သို့မဟုတ် သမဂ္ဂကို ထောက်ခံခြင်းပေါ် မူတည်ပြီး သင့်ကို အခြားပြင်းထန်သော အရေးယူမှု ပြုလုပ်ခြင်း။

သင်နှင့် သင့်လုပ်ဖော်ကိုင်ဖက်များသည် သင်တို့၏ စုပေါင်းညှိနှိုင်းမည့် ကိုယ်စားလှယ်အဖြစ် သမဂ္ဂကို ရွေးချယ်လျှင် သင့်အလုပ်ရှင်နှင့် သမဂ္ဂသည် သင်တို့၏ အလုပ်ခန့်ထားမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်သော စာဖြင့်ရေးသားထားသည့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် သဘောရိုးဖြင့် အမှန်တကယ် ကြိုးပမ်းအားထုတ်ပြီး ညှိနှိုင်းရန် လုပ်အပ်သည်။ သမဂ္ဂအနေနှင့် သဘောတူညီချက် ရရှိရန် ညှိနှိုင်း အကောင်ထည်ဖော်ရာတွင် သင့်ကို မျှတစွာ ကိုယ်စားပြုရန် လိုအပ်သည်။

ဖုန်းခေါ်ခ အခမဲ့ ဖုန်းနံပါတ်သို့ ခေါ်ဆို၍လည်း NLRB ကို ဆက်သွယ်နိုင်ပါသည်- **1-844-762-NLRB (6572).** ဘာသာစကား အကူအညီကို ရယူနိုင်သည်။ NLRB နှင့်စကားပြောဆိုသည့် အကြားအာရုံချို့ယွင်းသူများအနေဖြင့် relay.service@nlrb.gov သို့ အီးမေးလ် ပို့သင့်သည်။ NLRB ကိုယ်စားလှယ်က အကြားအာရုံချို့ယွင်းသူများအတွက် ဖုန်းလိုင်းလွှဲပေးသည့် ဝန်ဆောင်မှုရယူရန် အချိန်တောင်းနိုင်ပုံ လမ်းညွှန်ချက်များနှင့်အတူ တောင်းဆိုသူထံ အီးမေးလ်ပြန်ပို့ပေးပါမည်။

ပိုမိုလေ့လာရန် စကင်န်ဖတ်ပါ။

မည်သည့်လှုပ်ရှားမှုတွင်မျှ မပါဝင်ရန် ရွေးချယ်သောကြောင့်ဖြစ်စေ သင့်ကို အလုပ်ဖြုတ်ခြင်း၊ ရာထူးချခြင်း သို့မဟုတ် ရွှေ့ခြင်းဖြစ်စေ၊ သင့်အလုပ်ချိန်ကို လျှော့ခြင်း သို့မဟုတ် အဆိုင်းပြောင်းခြင်းဖြစ်စေ သို့မဟုတ် တစ်နည်းအားဖြင့် သင့်ကို ပြင်းထန်သော အရေးယူမှု ပြုလုပ်ခြင်းဖြစ်စေ၊ ယင်းလုပ်ဆောင်ချက်များမှ တစ်ခုခုကို ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း။

- **အလုပ်သမားများက** ၎င်းတို့ကို ကိုယ်စားပြုရန် သမဂ္ဂကို ရွေးချယ်ပါက သင့်လုပ်ငန်းခွင်ကို ပိတ်သိမ်းရန် ခြိမ်းခြောက်ခြင်း။
- **သမဂ္ဂထောက်ခံမှုကို** လျှော့နည်းစေရန် သို့မဟုတ် အားပေးရန်အတွက် ရာထူးတိုးခြင်းများ၊ လုပ်အားခ တိုးပေးခြင်းများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို ကတိပေးခြင်း သို့မဟုတ် ပေးအပ်ခြင်း။
- **အထူးအခြေအနေများမှလွဲ၍** လုပ်ငန်းခွင်တွင် သမဂ္ဂ ဦးထုပ်များ၊ တီရှပ်များနှင့် ပင်များကို ဝတ်ဆင်ခြင်းမှ သင့်ကို တားမြစ်ခြင်း။
- **ငြိမ်းချမ်းသော သမဂ္ဂ** လှုပ်ရှားမှုများနှင့် စုဝေးမှုများကို ထောက်လှမ်းခြင်း သို့မဟုတ် ဗီဒီယိုမှတ်တမ်းတင်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်သည်ဟု ဟန်ဆောင်ခြင်း။

*နိုင်ငံတော် အလုပ်သမားရေးရာ အက်ဥပဒေ လက်အောက်တွင် ပုဂ္ဂလိ ကဏ္ဍ  အလုပ်သမားအများစု အကျုံးဝင်သည်။ NLRA လက်အောက်တွင် အကျုံးမဝင်သူများမှာ အစိုးရ ကဏ္ဍ အလုပ်သမားများ၊ စိုက်ပျိုးရေးလုပ်သားများနှင့် အိမ်ဖော်များ၊ လွတ်လပ်သော ကန်ထရိုက်တာများ၊ မိဘ သို့မဟုတ် အိမ်ထောင်ဖက်က အလုပ်ခန့်ထားသော အလုပ်သမားများ၊ ရထား လုပ်သား အက်ဥပဒေနှင့် အကျုံးဝင်သည့် လေကြောင်းနှင့် ရထား ကယ်ရီယာများ၏ အလုပ်သမားများနှင့် ကြီးကြပ်ရေးမှူးများဖြစ်သည် (သို့သော် NLRA ကို ချိုးဖောက်ရန် ငြင်းပယ်ခြင်းကြောင့် ခွဲခြားဆက်ဆံခံရသည့် ကြီးကြပ်ရေးမှူးများ အကျုံးဝင်နိုင်သည်)။